# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 23 , 2022 Volume 57, Number 17


၂၃.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၇၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ကြက်သွန်နီဈေး ထပ်မံမြင့်တက်ပြီး တစ်ပိဿာ ကျပ် ၃၀၀၀ အထိ ရောက်ရှိ

ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း ဩဂုတ်လနောက်ဆုံးပတ်တွင် ကြက်သွန်နီဈေးနှုန်းထပ်မံမြင့်တက်နေပြီး တစ်ပိဿာ ကျပ် ၃၀၀၀ အထိ ရောက်ရှိလာကြောင်း ကုန်သည်များထံမှသိရသည်။

ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ဩဂုတ်လ ပထမပတ်တွင် တစ်ပိဿာ ကျပ် ၁၇၀၀၊ ဒုတိယပတ်တွင် တစ်ပိဿာ ကျပ် ၂၀၀၀ နှင့် တတိယပတ်တွင် တစ်ပိဿာ ကျပ် ၂၆၀၀ ပေါက်ဈေးရှိရာမှ ဈေးနှုန်းထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပခုက္ကူကြက်သွန်ဈေးကွက်အတွင်းသို့ ပိဿာချိန် ၂၄၀၀၀ ခန့် ဝင်ရောက်သည့် ဩဂုတ် ၂၂ ရက် ဈေးကွက်တွင် ဂွျန်သေးတစ်ပိဿာ ကျပ် ၁၈၀၀-၂၂၀၀၊ ဂွျန်လတ်တစ်ပိဿာ ကျပ် ၂၃၀၀-၂၅၀၀ နှင့် ဂွျန်ကြီးတစ်ပိဿာ ကျပ် ၂၆၀၀-၃၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

"ကြက်သွန်ဈေးကောင်းတယ်။ ကုန်ဝင်ကနည်းတယ်။ ဈေးတက်ပေး ဈေးတက်ရောင်းပဲ။ လက်ရှိက ဝယ်လက်ကောင်းလို့ကို ဈေးကကောင်းတယ်။ ပုံမှန်အချိန်ဆိုရင် ဒီဈေးတန်းမှာ ကုန်ဝင်က တစ်ရက်ပိဿာချိန် တစ်သိန်းဝန်းကျင်ဝင်တယ်။ ဒီနှစ်တော့ အကြောင်းအမျိုးမျိုးကြောင့် ကြက်သွန်အဝင်နည်းတယ်။ အဝယ်ရှိပြီး အဝင်နည်းတော့ ဈေးပေးဝယ်ကြတာပေါ့" ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် ကြက်သွန်စိုက်ပျိုးချိန်တွင် နယ်မြေမတည်ငြိမ်မှုကြောင့် အချို့တောင်သူများ လုံးဝစိုက်ပျိုးနိုင်ခြင်းမရှိဘဲ အချို့တောင်သူများမှာ စိုက်ပျိုးပြီးနောက် ထိန်းသိမ်းနိုင်ခြင်းမရှိသည့်အတွက် ပုံမှန်ထက် အထွက်နှုန်းလျော့ကျခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၀၀၀ ကျော်အထိ ရောင်းဝယ်ခဲ့ကြပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းအထိ တစ်ပိဿာ ကျပ် ၁၀၀၀ အောက်ဖြင့်သာ ရောင်းဝယ်ခဲ့ရကြောင်း သိရသည်။

ပခုက္ကူနှင့်ပေါက်မြို့နယ်အတွင်းရှိ ကြက်သွန်စိုက် တောင်သူများထံတွင် ကြက်သွန်ရောင်းချရန် ကျန်ရှိနေသေးပြီး နယ်မြေတည်ငြိမ်မှုအပေါ်မူတည်၍ ရောင်းဝယ်မှုပြုလုပ်နေရကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရသိရသည်။

**Source:** https://news-eleven.com/article/236144


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မန္တလေးဈေးကွက်အတွင်း ပြည်တွင်းအာလူးတစ်ပိဿာ ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိ

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ပေါက်ဈေး ရှိလာကြောင်း မန္တလေးမြို့ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦး၊ နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ အများဆုံး အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ဒေသများမှထွက်ရှိသည့် အာလူးများ ဩဂုတ် ၂၀ ရက်မှစ၍ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"ပြည်တွင်းကထွက်တဲ့ အရည်အသွေးကောင်း အာလူးတွေ မန္တလေးဈေးကွက်အတွင်း လက်ကျန်ရှားလာတာကြောင့် ဈေးတွေကလဲ တရိပ်ရိပ်မြင့်တက်လာတယ်။ အခုလောလောဆယ် အာလူးဈေးကွက်က အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ ပြည်တွင်းကထွက်ရှိတဲ့ အာလူးတွေ ဒီထက်အရောင်းအဝယ်ပိုကောင်းလာနိုင်ပြီး ဈေးနှုန်းလဲ ဒီထက် မြင့်တက်လာနိုင်ပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးဈေးနှုန်းမှာ ဩဂုတ်လ ပထမပတ်အတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဩဂုတ် ၂၀ ရက်တွင် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိလာကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဒေါ်လာငွေလဲနှုန်း မတည်ငြိမ်သည်ကိုအကြောင်းပြကာ Mobile Phone ဈေးနှုန်းများ မသတ်မှတ်ပေးသဖြင့် နစ်နာမှုများရှိရာ ဈေးနှုန်းများ သတ်မှတ်ပေးရန်တောင်းဆို

ဒေါ်လာငွေလဲနှုန်း မတည်ငြိမ်သည်ကို အကြောင်းပြကာ ဖုန်းဈေးနှုန်းများ မသတ်မှတ်ပေးသဖြင့် နစ်နာမှုများရှိရာ ဖုန်းဈေးနှုန်းများ သတ်မှတ်ပေးရန် မြန်မာနိုင်ငံမိုဘိုင်းဖုန်း လုပ်ငန်းရှင်များအသင်း (MMIA) က တောင်းဆိုလိုက်သည်။ ဖုန်းဟန်းဆက်ဈေးနှုန်းများနှင့်ပတ်သက်ပြီး အချက်သုံးချက်ဖြင့် တောင်းဆိုထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အချက်သုံးချက်မှာ မိုဘိုင်းဖုန်း တင်သွင်းသူများအနေဖြင့် ဟန်းဆက်ရောင်းချပေးရန် သင့်တော်သည့် ဈေးနှုန်းများ သတ်မှတ်ပေးရန်၊ ဟန်းဆက်ဈေးနှုန်းနဲ့ ရောင်းချပေးခြင်း မပြုလုပ်နိုင်ပါကလည်း အရောင်းရပ်ဆိုင်းကြောင်း လက်လီဆိုင်များကို အကြောင်းကြားပေးရန် အစရှိသည့်အချက်များဖြစ်သည်။

လက်ရှိအခြေအနေမှာ လက်လီဆိုင်များအနေဖြင့် ငွေအရင်းပြုပြီး ဖုန်းအမှတ်တံဆိပ် Brand များကို သုံးစွဲသူများ လက်ထဲရောက်ရှိရန် အရောင်းမြှင့်တင်နေသကဲ့သို့ဖြစ်နေပြီး ယင်းသို့ ဆက်လက်ဖြစ်ပေါ်နေပါက မိုဘိုင်းဖုန်း တင်သွင်းသူများနှင့် လက်လီဆိုင်များအကြား မျှတသည့်ရောင်းဝယ်မှုနှင့် ယုံကြည်မှုများ ပျောက်ကွယ်သွားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံခြားငွေ ဈေးနှုန်းအတက်အကျ မတည်ငြိမ်တာကို အကြောင်းပြပြီး ဟန်းဆက်ရောင်းချမပေးခြင်းများ၊ ဟန်းဆက် ဈေးနှုန်းများ သတ်မှတ်မပေးခြင်းများကြောင့် လက်လီဖုန်းအရောင်းဆိုင်များမှာ သုံးစွဲသူများ၏ လိုအပ်ချက်အရ ယခင် ဈေးနှုန်းများအတိုင်း ရောင်းချပေးနေရသဖြင့် ထိခိုက်နစ်နာနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သင့်တော်သည့် ဈေးနှုန်းဖွင့်လှစ်သတ်မှတ်ပေးခြင်းမရှိသည့် Brand များကို စက်တင်ဘာတစ်လလုံး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရောင်းရပ်ဆိုင်းသွားမည်ဟု မြန်မာနိုင်ငံ မိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း (MMIA) က ထုတ်ပြန်သည်။

လက်ရှိတွင် ဒေါ်လာဈေးမြင့်တက်မှုနှင့်အတူ မိုဘိုင်းဖုန်းဟန်းဆက်များ၏ ဈေးနှုန်းများမှာ နေ့စဉ်မြင့်တက်နေပြီး ယခင် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဟန်းဆက်အမျိုးအစားအလိုက် သောင်းဂဏန်းဝန်းကျင်ကနေ ကျပ်သိန်းဂဏန်းအထိ မြင့်တက် လာကြောင်း မိုဘိုင်းဖုန်းဈေးကွက်အတွင်းမှ သိရသည်။

**Source:** https://news-eleven.com/article/236129

## ဆန်စျေးများနှင့် ကြက်သွန်နီစျေးများ ထပ်တက်

ရန်ကုန်၊ ဘုရင့်နောင်စျေးကွက်မှာ ဆန်အကြမ်း၊ အချော အမျိုးအစားအားလုံး စျေးတွေထပ်တက်လာပါတယ်။ အခု လဆန်းပိုင်းကစလို့ စျေးတွေတက်လာတဲ့ဆန်စျေးတွေဟာ ဒီနေ့(၂၂.၈.၂၀၂၂) စျေးကွက်အဖွင့်မှာတော့ ထပ်တက်လာတာ ဖြစ်ပါတယ်။

ဖျာပုံပေါ်ဆန်းမွှေး၊ ဒေးဒရဲပေါ်ဆန်းမွှေးနဲ့ မော်ကျွန်းတောင်ပျံ၊ ကျားပျံရှယ်ဆန်တွေက စျေးအတက်ဆုံးဖြစ်ပြီး ၁ တင်းခွဲတစ်အိတ်ကို ၅၀၀၀ ကနေ ၈၀၀၀ ကြား စျေးတွေ ထပ်တက်လာတာပါ။ ဆန်ကြမ်းတွေကလည်း အနည်းနဲ့အများသာ ကွာပြီး အားလုံးကတော့ စျေးတွေတက်သွားပါတယ်။ ဘယ်လောက်ထိ စျေးတွေတက်သွားတာလဲဆိုတာကိုတော့ ဇယားကွက်မှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ်။

| ဆန်အမျိုးအစား | ရေတွက်ပုံ | ၁၉.၈.၂၂၂ (ကျပ်) | ၂၂.၈.၂၀၂၂ (ကျပ်) |
|---|---|---|---|
| ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သ) | ၁.၅တင်း | ၅၆၀၀၀ မှ ၆၀၀၀၀ | ၆၂၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး) (သ) | ၁.၅တင်း | ၅၅၀၀၀ မှ ၆၀၀၀၀ | ၆၀၀၀၀ မှ ၆၃၀၀၀ |
| ဆန်(မြောင်းမြ၊ပုသိမ်ပေါ်ဆန်းမွှေး) (သ) | ၁.၅တင်း | ၅၈၀၀၀ မှ ၆၁၀၀၀ | ၅၉၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ပေါ်ဆန်းနယ်စုံသစ်) (သ) | ၁.၅တင်း | ၅၆၀၀၀ မှ ၅၈၀၀၀ | ၅၈၀၀၀ မှ ၆၁၀၀၀ |
| ဆန်(ညှော်မထ)(သ) | ၁.၅တင်း | ၃၆၅၀၀ မှ ၃၈၀၀၀ | ၃၈၀၀၀ မှ ၃၉၀၀၀ |
| ဆန်(ငစိန်)(သစ်) | ၁.၅တင်း | ၃၄၀၀၀ မှ ၃၅၅၀၀ | ၃၅၀၀၀ မှ ၃၆၀၀၀ |
| ဆန်(မြို့ဒုံး)(သစ်) | ၁.၅တင်း | ၄၈၅၀၀ မှ ၅၀၀၀၀ | ၅၀၀၀၀ မှ ၅၁၀၀၀ |
| ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ၁.၅တင်း | ၇၈၀၀၀ မှ ၉၀၀၀၀ | ၇၈၀၀၀ မှ ၉၁၀၀၀ |
| ဆန်(ညှော်မထ ၂၅%)(သစ်) | ၁.၅တင်း | ၃၂၀၀၀ မှ ၃၃၀၀၀ | ၃၃၀၀၀ မှ ၃၄၀၀၀ |
| ဆန်(ရက် ၉၀ သစ်ရှယ်) | ၁.၅တင်း | ၄၂၀၀၀ မှ ၄၄၀၀၀ | ၄၅၀၀၀ မှ ၄၈၀၀၀ |
| ဆန်(သီးထပ်)(သ) | ၁.၅တင်း | ၃၆၀၀၀ မှ ၃၇၅၀၀ | ၄၁၀၀၀ မှ ၄၂၀၀၀ |
| ကြားပျံရှယ်(သစ်) | ၁.၅တင်း | ၅၈၀၀၀ မှ ၆၆၀၀၀ | ၆၃၀၀၀ မှ ၇၀၀၀၀ |
| ပေါ်ဆန်းရှယ်(သ) | ၁.၅တင်း | ၅၈၀၀၀ မှ ၆၀၀၀၀ | ၆၁၀၀၀ မှ ၆၃၀၀၀ |
| တောင်ပျံ(ဖျာပုံ)(သစ်) | ၁.၅တင်း | ၆၅၀၀၀ မှ ၆၈၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ၁.၅တင်း | ၄၃၀၀၀ မှ ၄၅၀၀၀ | ၄၅၀၀၀ မှ ၄၈၀၀၀ |
| တောင်ပျံ(မော်ကျွန်း)(သစ်) | ၁.၅တင်း | ၆၀၀၀၀ မှ ၆၈၀၀၀ | ၆၈၀၀၀ မှ ၇၀၀၀၀ |
| ပေါ်ကျွဲ(မော်ကျွန်း)(သ) | ၁.၅တင်း | ၄၈၀၀၀ မှ ၅၀၀၀၀ | ၄၉၀၀၀ မှ ၅၂၀၀၀ |

ပြီးခဲ့တဲ့အပတ်က အနိမ့်ဆုံး တစ်ပိဿာ ကျပ် ၁၉၀၀ ကနေ ကျပ် ၂၅၀၀ ထိ ဖြစ်ပြီး စျေးပြန်ငြိမ်သွားတဲ့ ကြက်သွန်နီစျေးဟာလည်း ဒီတစ်ပတ်အဖွင့်နေ့ (ဒီနေ့ -၂၂.၈.၂၀၂၂) မှာတော့ အနိမ့်ဆုံး တစ်ပိဿာ ကျပ် ၂၁၅၀ ကနေ ကျပ် ၂၈၀၀ ထိ ဖြစ်သွားပြီ ဖြစ်ပါတယ်။ ဒါက ဘုရင့်နောင်စျေးကွက် လက်ကားစျေးနှုန်းဖြစ်ပါတယ်။ လက်လီစျေးနှုန်းတွေကတော့ အနိမ့်ဆုံးကို တစ်ပိဿာ ကျပ် ၃၀၀၀ ဝန်းကျင် ဖြစ်နေပြီဖြစ်ပါတယ်။

*ယနေ့ ကြက်သွန်နီစျေးနှုန်းများ (၁ ပိဿာ) (ဘုရင့်နောင်စျေးကွက်)

ကြက်သွန်နီ (ဆိပ်ဖြူရှယ် - သစ်) - ၂၈၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) - ၂၇၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) - ၂၆၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) - ၂၁၅၀ ကျပ်

**(စိုက်ပျိုးရေးစျေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် စျေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)**

**Source:** https://greenwaymyanmar.com/posts/Rice_Onion_Market_Prices

## ရေချိုငါးမြစ်ချင်းများ သားဖောက်ကာ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရန်ဆောင်ရွက်မည်



မင်းပြား-ပေါက်တော ကားလမ်းဘေး ချောင်းရှည်ရွာ ငါးသားဖောက်စခန်းတွင် ဩဂုတ်လမှစတင်ကာ ငါးမြစ်ချင်းသားဖောက်လုပ်ငန်းများကို မွေးမြူရေးဧက ၁၀၀၀ အထိ ဆောင်ရွက်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချိုငါး၊ ပုစွန်မွေးမြူမှုနည်းသော နေရာ၌ ဝယ်လိုအားရှိနေသော ငါးမြစ်ချင်းကို အနီးဆုံးစျေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့နိုင်ရန် ရှေးပြေး Pilot Project အနေဖြင့် ငါးမွေးမြူရေးဇုန်ကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေချိုမွေးမြူရေးဧက ၁၀၀၀ နှင့် ရေငန်မွေးမြူရေးဧက ၁၅၀၀ ရှိသည့်အနက် ရေချိုမွေးမြူရေးကို ကနဦး အကောင်အထည် ဖော်ခြင်းဖြစ်ပြီး၊ ဒေသခံမွေးမြူရေးလုပ်သားများအနေဖြင့် ယင်းကို စိတ်ဝင်စားပါက တာဝန်ယူဆောင်ရွက်နေသောကုမ္ပဏီမှ နည်းပညာနှင့်အရင်းအနှီးစိုက်ထုတ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးကန်ဧက ၁၀၀၀မှ ထွက်ရှိသော ငါးမြစ်ချင်းကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ပြီး ရေချိုငါး စျေးကွက်ကြီးတစ်ခု ပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ရေချို/ရေငန် အမှန်တကယ်မွေးမြူမှု အဆင်ပြေစေရန် အတွက် ပြည်နယ်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ငါးမြစ်ချင်းကို ပြည်ပပို့ကုန်အတွက် ၂ နှစ် မွေးမြူလေ့ရှိပြီး ပထမတစ်နှစ်တွင် သားပေါက်မှ ငါးဖျန်းအရွယ်၊ ဒုတိယနှစ်တွင် ငါးဖျန်းမှ ရောင်းတန်းဝင်နှစ်ကီလိုကျော်အရွယ် မွေးမြူကြကြောင်းသိရသည်။

**Source: MDN**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4869-the-fish-will-be-hatched-and-exported-to-bangladesh.html

## ဂျာမနီနိုင်ငံရှိ ပန်းသီးစိုက်ပျိုးထွက်ရှိမှု

ဂျာမနီနိုင်ငံတွင် ပန်းသီးစိုက်ပျိုးထွက်ရှိမှုမှာ ယခုနှစ်တွင် ယခင်နှစ်များထက် အထွက်နှုန်းကောင်းမွန်နိုင်ပြီး ခန့်မှန်းခြေအားဖြင့် တန်ချိန် (၁၀၅၁၀၀၀) ခန့်ထွက်ရှိနိုင်ရန် မျှော်လင့်ထားကြပါသည်။ Federal Statistical Office က ပန်းသီးအထွက်နှုန်းသည် ယခင်နှစ်ကထက် တန်ချိန် (၄၆၀၀၀) သို့မဟုတ် ၄.၆ ရာခိုင်နှုန်း ပိုမိုထွက်ရှိနိုင်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ယခုနှစ်တွင် အပင်များတွင် အသီးပိုမိုများပြားပြီး ရာသီဥတုကောင်းမွန်ခြင်းရှိကာ အပင်ပိုးမွှားရောဂါကျရောက်ခြင်းများလည်း နည်းပါးကြောင်း စိုက်ပျိုးသူများက ပြောဆိုကြ ပါသည်။ အခြား ဆီးသီးနှင့် မက်မန်းသီးများမှာ ယခုနှစ်တွင် တန်ချိန် (၄၂၀၀၀) ထွက်ရှိရန် မျှော်မှန်းထားပြီး ယခင်နှစ်ကထက် ၆.၄ ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိမည်ဖြစ်ပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.destatis.de/EN/Home/_node.html**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## ဂျာမနီနိုင်ငံရှိဈေးနှုန်းများအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်သူဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ်ကာလတူထက် ၃၃.၉ ရာခိုင်နှုန်း၊ အပင်ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ်ကာလတူထက် ၃၅.၇ ရာခိုင်နှုန်း၊ တိရိစ္ဆာန်ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ်ကာလတူထက် ၃၂.၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပါသည်။ ထို့အတူ စက်မှုလုပ်ငန်းထုတ်ကုန်ဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ၂၀၂၁ ခုနှစ်ကာလတူထက် ၃၇.၂ ရာခိုင်နှုန်း မြင့်တက်လာပြီး လအလိုက်မြင့်တက်မှုများတွင် အမြင့်မားဆုံးဖြစ်ကြောင်း အဓိကအားဖြင့် စွမ်းအင်ဆိုင်ရာဓါတ်ငွေ့နှင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှု ဈေးနှုန်းများတွင်ဖြစ်ကြောင်း Federal Statistical Office ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အလားတူ လက်ကားရောင်းဝယ်မှု ဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ၂၀၂၁ ခုနှစ်ကာလတူထက် ၁၉.၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အဆိုပါမြင့်တက်မှုများသည် အဓိကအားဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းဈေးနှုန်းများတွင်ဖြစ်ကြောင်း၊ mineral oil တွင် ၅၃.၈ ရာခိုင်နှုန်းနှင့် solid fuels တွင် ၉၂.၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပြီး အခြားကောက်ပဲသီးနှံ၊ ဆေးလိပ်၊ မျိုးစေ့၊ သံထည်ပစ္စည်း များနှင့် သတ္တုရိုင်းများ၏ ဈေးနှုန်းများ မြင့်တက်မှုများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.destatis.de/EN/Home/_node.html**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## STOCK EXCHANGE (23.8.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +0 | +0.00% | 7,100 | 7,100 | 7,000 | 60 | 425,000 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,400 | 4,751 | 11,499,600 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 58 | 1,015,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | +50 | +2.13% | 2,400 | 2,400 | 2,400 | 20 | 48,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 40 | 98,000 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 23rd Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 328.97 | -1.33 | -0.40% | 332.00 | 332.00 | 327.86 | 4,929 | 13,085,600 | 7 | 572,290 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 23rd Aug. 2022

| MYANPIX | 328.97 ▼ 1.33 |
|---|---|
| Total Volume (shares) | 4,929 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 572,290 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 0 |
| MTSH | 00002 | 2,450 | ▼ 50 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 50 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |